# နိဂုံး

အခုဆိုရင် သတင်းစာပညာရဲ့ အခြေခံကို ဒီလက်စွဲစာအုပ် ကလေးထဲကနေ လေ့လာပြီး သွားပြီပေါ့။ ဒါပေမဲ့ တကယ့်သတင်းစာ ဆရာ တစ်ယောက်ဖြစ်လာဖို့အတွက်ကတော့ ဆက်ပြီး လေ့လာရမှာတွေ ရှိနေပါသေးတယ်။ သတင်းလိုက်တာ၊ သတင်းရေးတာတွေ တိုးတက်ကောင်းမွန် လာဖို့အတွက် အခုအချိန်ကစပြီး မိမိပေါ်မှာပဲ မူတည်လာပါပြီ။ အဲဒီအတွက် အပတ်တကုတ် ကြိုးစားရမယ်၊ ဝေဖန်ထောက်ပြတာတွေကိုလည်း နာခံ ရမှာ ဖြစ်ပါတယ်။

ကိုယ့်သတင်းတွေကို တခြားလူတွေ ဖတ်ကြည့်စေပြီး ဝေဖန်ခိုင်းတာဟာ ထိရောက်တဲ့ လုပ်ဆောင်ချက်ပါပဲ။ ကိုယ်ဟာ ကြားက ပေါင်းကူးဆက်သွယ်ပေးသူ ဖြစ်တယ်ဆိုတာကို တစ်ပါးသူကသာ ဆုံးဖြတ်ပေးရမှာကိုး။ ကိုယ့်သတင်းစာတိုက်မှာရှိတဲ့ တခြားသတင်းထောက်တွေ၊ အယ်ဒီတာတွေနဲ့ ပြင်ပက မိတ်ဆွေ အပေါင်းအသင်းတွေကို ကိုယ့်သတင်းတွေ ပေး ဖတ်ကြည့်ပါ။ ပြီးရင် သတင်းသမားတွေရဲ့ အမြင်ကို မေးပါ။ တခြားသာမန် စာဖတ်သူတွေရဲ့ အမြင်ကိုလည်း မေးပါ။ သူတို့တစ်တွေရဲ့ ထင်မြင်သုံးသပ်ချက်ကို နာယူပါ။ အဲဒီနောက် လိုအပ်တယ်ဆိုရင် ကိုယ့်ရဲ့ အရေးအသားကို ပြင်ပါ။

ကိုယ့်သတင်းကို အယ်ဒီတာက တည်းဖြတ်ပြီးသွားတဲ့အခါ မူလ ကိုယ်ရေးခဲ့တာနဲ့ အယ်ဒီတာ ပြင်ပေးလိုက်တာကို ယှဉ်ကြည့်ပါ။ အယ်ဒီတာက အဲဒီလို ဘာကြောင့် ပြင်လိုက်တာလဲ ဆိုတာ စဉ်းစားပါ။ ပြီးတော့ အဲဒီလိုပြင်လိုက်တဲ့အတွက် ဘယ်လို ပိုကောင်းလာသလဲဆိုတာကိုလည်း သတိထားလေ့လာပါ။

တကယ်လို့ ကိုယ့်တိုက်မှာ အယ်ဒီတာကောင်း မရှိဘူးဆိုရင် ပြင်ပက တက္ကသိုလ်တစ်ခုခုမှာ ဖြစ်ဖြစ်၊ အိုင်အမ်အမ်အက်ဖ်လို လေ့ကျင့်သင်တန်းပို့ချတဲ့ အဖွဲ့အစည်းတွေမှာဖြစ်ဖြစ် တက်ရောက်ခွင့် ရနိုင်မယ့် အခွင့်အလမ်းတွေကိုရှာပါ။

အယ်ဒီတာကောင်းလည်း မရှိ၊ သင်တန်းတွေ တက်ဖို့ကလည်း မလွယ်ဘူးဆိုရင်လည်း စိတ်မပျက်ပါနဲ့။ ကိုယ့်ဘာသာ ကြိုးစားယူနိုင်တာတွေ အများကြီးရှိပါတယ်။ အရေးအကြီးဆုံး လုပ်ရမှာက သတင်းစာ ကောင်းကောင်းတွေကို များများဖတ်ဖို့ပါပဲ။ လက်လှမ်းမီသမျှ သတင်း ကောင်းတွေ အကုန်ကို ဖတ်ပါ။ ဖတ်တဲ့အခါမှာလည်း သေသေချာချာ လေ့လာပြီးဖတ်ပါ။ ရေးဟန်၊ အချက်အလက်တွေကို စုစည်းပုံ၊ နောက်ခံသမိုင်း စာပိုဒ်၊ ပြောစကား ကောက်နုတ်ချက်နဲ့ ဒီလက်စွဲစာအုပ်ထဲမှာ ဆွေးနွေးပြထားတဲ့ တခြား အကြောင်းအရာတွေကို အခြေခံပြီး လေ့လာပါ။ ဝတ္ထု ကောင်းတွေကို ဖတ်ခြင်းအားဖြင့်လည်း ကိုယ့်ရဲ့ စာရေးခြင်း အတတ်ပညာ တိုးတက်စေနိုင်ပါတယ်။ အထူးသဖြင့်တော့ သတင်းဆောင်းပါးများ ရေးသားတာမှာ ဖြစ်ပါတယ်။

စာတစ်ပုဒ်ကို ဖတ်တဲ့အခါ စာရေးဆရာဟာ ဒီလို ဘာလို့ရေးတာလဲ၊ ဒီသတင်းက ထိရောက်မှုရှိရဲ့လား၊ ရှိတယ်ဆိုရင် ဘာကြောင့်လဲ ဆိုတာတွေကို ကိုယ့်ဘာသာ မေးခွန်းထုတ်ကြည့်ပါ။ ပြီးတော့ ကိုယ်ရေးရတဲ့ အလုပ်မှာ အဲဒီနည်းကို ဘယ်လို ယူသုံးနိုင်မလဲဆိုတာ စဉ်းစားကြည့်ပါ။

မကြာသေးမီက ပို့ချခဲ့တဲ့ သင်တန်းတစ်ခုအပြီးမှာ မြန်မာသတင်းသမားတစ်ယောက်က ‘သတင်းထဲမှာ စဉ်းစားတွေးခေါ်မှုတွေနဲ့ အတတ် ပညာတွေ ဒီလောက်ပြည့်ဝနေပါလား ဆိုတာ ကျွန်တော် အရင်က လုံးဝ မသိခဲ့ဘူး’ လို့ ပြောပြပါတယ်။



IMMF2.pmd 151 6/2/2547, 23:42

ဒီစာအုပ်ကလေးအပြင် တခြားသတင်းစာပညာ လက်စွဲနဲ့ လေ့လာစရာတွေကိုလည်း ဖတ်ရှုလေ့လာနိုင်ပါတယ်။ အဲဒီအတွက် ဖတ်သင့်တဲ့ စာအုပ်တချို့ကို ‘နောက်ထပ် လေ့လာဖတ်ရှုသင့်သော စာအုပ်များ’ စာရင်း မှာ ဖော်ပြပေးထားပါတယ်။

သတင်းတစ်ပုဒ် ရေးပြီးသွားရင် ကိုယ့်ဘာသာ မထောက်မညှာ ပြန်ပြီးတည်းဖြတ်ပါ။ ရေးချထားပြီးသားမို့ ဘာမှ နှမြောမနေပါနဲ့။ ကိုယ့် သတင်းက ဆိုလိုရင်း ပေါ်လွင်ရဲ့လား၊ ရေးသားချက်က တိကျမှုတရဲ့လား၊ စာဖတ်သူတွေက ဘာကို သိချင်နေတာလဲ၊ သတင်းစာဆရာတစ်ယောက်ရဲ့ တာဝန်က ဘာလဲဆိုတဲ့ ဒီလက်စွဲစာအုပ်ကလေးထဲမှာ ဖော်ပြထားတဲ့ မေးခွန်းတွေနဲ့ ကိုယ့်ဘာသာ ပြန်လည် ချိန်ထိုးကြည့်လိမ့်မယ်လို့လည်း ယုံကြည်မိပါတယ်။